## အနုသယကိန်းပုံ

အသီး သီးစေတတ်သော ဓာတ်သတ္တိသည် သရက်ပင် တပင်လုံး၌ အစအဆုံး ကိန်းဝပ်နေသကဲ့သို့ ထို့အတူ အနုသယဟုခေါ်အပ်သော ကိလေသာဓာတ်သည်လည်း ကလလရေကြည် တည်ခါစဝယ် ပဋိသန္ဓေစိတ်စေတသိက်နှင့် ကလာပ်သုံးစည်း၌ ပါရှိ၏။ ထို့နောက် တဘဝလုံး အဆက်ဆက် ရုပ်အစဉ် နာမ်အစဉ်မှာလည်း ပါရှိ၏။ ရဟန္တာမဖြစ်သေးသမျှ ကုသိုလ်ကောင်းမှုပြုနေတုန်း ကမ္မဋ္ဌာန်းအားထုတ်နေတုန်း မှာလည်း ထိုကိလေသာဓာတ်သတ္တိတွေ အပြည့်အနှက်ပါရှိ၏။ တဘဝကုန်၍ စုတိစိတ်ဖြစ်တုန်းမှာလည်း ပါရှိ၏။ နောက်ဘဝ ပဋိသန္ဓေအသစ်မှာလည်း ဆက်လက်ပါရှိ၏။ အရူပဘုံ၌ နာမ်တရားချည်း ပဋိသန္ဓေနေရသော်လည်း ထိုအရူပဘုံနာမ်အစဉ်မှာလည်း ပါရှိ၏။ အသညသတ်ဘုံ၌ ရုပ်ချည်းနေသော်လည်း အသညသတ် ရုပ်အစဉ်မှာလည်း ပါရှိ၏။ ထို့ကြောင့် 'အနုအနု–အစဉ်တစိုက်၊ သန္တာနေ–ရုပ်နာမ်ခန္ဓာ အစဉ်၌၊ သေန္တိ–ကိန်းဝပ်တည်နေတတ်ကုန်၏'ဟု ဆိုရပေသည်။ (သင်္ဂြိုဟ်ဘာသာဋီ ၅၆၀)

အနုသယသည် ဥပါဒ် ဌီ ဘင် အားဖြင့် ထင်ရှားစွာ ဖြစ်နေသည်မဟုတ်, ဆိုင်ရာအာရုံနှင့်တွေ့လျှင် အဆင်သင့်ဖြစ်ဖို့ရာ ကိလေသာဓာတ်တမျိုးသာတည်း။ (အခြေပြုသင်္ဂြိုဟ် ၄၁၆)

ကျားသည် ချုံ၌အောင်းနေ၍ အစာဖြစ်သော သမင်ကျွဲနွားစသည်ကို မြင်သော် ထ၍ကိုက်သကဲ့သို့ ဟဒယဝတ္ထုတည်းဟူသော ဂူ၌အောင်းနေ၍ လိုအပ်သောအာရုံကို တွေ့လတ်သော် လွေ့လွေ့ရမ်းရမ်း ဖမ်းယူတတ်သောသဘောရှိသည်ဖြစ်၍ အနုသယဟု ဟောတော်မူသည်။ (မနောရထပူရဏီ ၂၈၆)

**အနုသယတို့သည်** ပရမတ်မဟုတ်ပဲ မရှိကြကုန်။ စင်စစ် **ပရမတ္ထဓမ္မတို့သာ**တည်း။ ထို တရားတို့သည် အကုသိုလ်ဇာတ်သို့ ပါဝင်ကြကုန်သဖြင့် ကုသိုလ်,အဗျာကတလည်း မဟုတ်။ ထိုအနုသယတို့သည် ဖြစ်ပေါ်ခြင်းသို့ရောက်၍ သမ္ပယုတ္တဓမ္မအဖြစ်ဖြင့် မရအပ်ကုန်သောကြောင့် ကုသိုလ်တရား အဗျာကတ တရားတို့နှင့် မဆန့်ကျင်ကြကုန်။ တေကာလိကဓမ္မတို့၏ မှီရာအဖြစ်ဖြင့် တည်ရှိကြကုန်သောကြောင့် ကာလသုံးပါးမှလွတ်သော **ကာလဝိမုတ်တရား**တို့လည်း **မဟုတ်ကြ**ကုန်။ (သံခိပ်ဋီ ၃ ၂၈၈)

**အနုသယကိလေသာ**သည် **မုချအားဖြင့် ကာလဝိမုတ်**။ သို့သော် ပရိယုဋ္ဌာနအနေအားဖြင့် ဥပါဒ်မှုကို စွဲ၍ ပြောရလျှင် ထိုကိလေသာမျိုးသည် ရှေးကလည်း ဖြစ်ဖူးပြီ, ပစ္စုပ္ပန်မှာလဲ ဖြစ်ဆဲပင်, မဂ်ဖြင့် မပယ်နိုင်သေးသမျှ နောင်လည်းဖြစ်လတ့်၊ ထို့ကြောင့် အကျိုးဖြစ်သော ပရိယုဋ္ဌာန ကိလေသာ၏ ပစ္စုပ္ပန်စသောအမည်ကို အကြောင်းရင်ဖြစ်သော အနုသယကိလေသာပေါ်တင်စား၍ ဖလူပစာရ **ပရိယာယ်အားဖြင့်** အနုသယကိလေသာသည် **ကာလသုံးပါး**၌ ဖြစ်သည်ဟု ဆိုသည်။ (သင်္ဂြိုဟ်ဘာသာဋီ ၅၆၂)

မဂ်သည် အနုသယအခိုက်၌ရှိသော ကိလေသာကို ပယ်၏။ ထို**အနုသယကိလေသာကို**ပစ္စုပ္ပန်ဟုလည်းကောင်း အတိတ်ဟုလည်းကောင်း အနာဂတ်ဟုလည်းကောင်း **မဆိုထိုက်**။ တေကာလိကဓမ္မ၏မှီရာဖြစ်သဖြင့် တေကာလိကဇာတ်၌ အကျုံးဝင်၍ **တေကာလိကဟူ၍လည်း ဆိုထိုက်၏**။(အာရုံအကြောင်းနှင့် တိုက်လျှင် အနုသယသည် ပရိယုဋ္ဌာနဖြစ်ပြီး တေကာလိကဖြစ်လာသည်ကို တေကာလိက၏မှီရာဟု ဆိုဟန်ရှိသည်) ဥပါဒ် ဋ္ဌီ ဘင်သို့ရောက်သော ဓမ္မကိုသာ တေကာလိကဟု ဆိုသည်။ ဥပါဒ် ဋ္ဌီ ဘင်သို့ မရောက်သော အနုသယတို့ကိုမူကား ပုထုဇဉ်သန္တာန်၌ အမြဲတည်ရှိဆဲဖြစ်သော ပစ္စုပ္ပန်တရားတို့ဟူ၍လည်း ပရိယာယ်အားဖြင့် ဆိုသင့်၏။ အနုသယသည် **ပရိယုဋ္ဌာနသို့ ရောက်၍ မကြာမကြာ ဖြစ်လျှင် အားကြီးကြီးလာ**သည်။ **ပဋိပက္ခတွေကြောင့် ပရိယုဋ္ဌာနသို့ မရောက်ရလျှင် အားသေးသေးသွား**၏။ အနုသယကို မဂ်၏ ပဟာန သတ္တိမှတပါး မည်သည့်လုံ့လဖြင့်မျှ မပယ်နိုင်။(သံခိပ်ဋီ ဒု ၂၈၉)

အတိတ်စေတနာသည် ချုပ်လေပြီး၍ ထင်ရှားမရှိသော်လည်း မိမိဖြစ်ရာစိတ်သန္တာန်မှာ နောင်အကြောင်းသင့်သောအခါ ထိုက်သင့်ရာအကျိုးဖြစ်ပေါ်စေရန် ဗီဇနိဓာနသတ္တိအထူးကို ထားခဲ့လေသည်။ ထို**သတ္တိထူးကို ဥပါဒ်ဋ္ဌီဘင်ထင်ရှားမရှိသော်လည်း အနုသယဓာတ်ကဲ့သို ထင်ရှားရှိသည်**သာဖြစ်၏။ **အနုသယဓာတ်ကိုပညတ်ဟူ၍ မဆိုအပ်သလို ကမ္မသတ္တိကိုလည်း ပညတ်ဟူ၍ မဆိုအပ်။ ပရမတ်တို့၏ သတ္တိအထူးပေတည်း**ဟုသာ ချီးမွမ်းထိုက်ပေသည်။ (သံခိပ်ဋီ ဒု ၅၀၂)

ကိလေသာဆယ်ပါးတွင် **လောဘ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ** (၆)ခုတို့သည် ထိန ဥဒ္ဓစ္စ အဟိရိက အနောတပ္ပ စသည်တို့ထက် သတ္တိအင်အားကြီးမားကုန်၏။ ဆိုင်ရာအကုသိုလ်၌ ထမြောက်အောင် ခေါင်းဆောင်နိုင်၏။ထိနစသည်ကား အင်အားမရှိ, ခေါင်းမဆောင်နိုင်။ ထို့ကြောင့် သတ္တိကြီးမားသော လောဘစသည်တို့ကိုသာ ခန္ဓာအစဉ်၌ လိုက်ပါနေ၍ **အနုသယ**ဟု ဟောသည်။ ထိန စသည်ကို ခန္ဓာအစဉ်၌ ကိန်းမှုမရှိသောကြောင့် အနုသယဟု မဟော။ (သင်္ဂြိုဟ်ဘာဋီ ၅၆၂)

မဂ်သည် ကိလသောကို ပယ်ရာ၌ အတိတ်ကိလေသာသည် ချုပ်ပြီးဖြစ်၍ မဂ်ဖြင့် ပယ်စရာမလို။ မဖြစ်သေးသော အနာဂတ်ကိလေသာကို ပယ်ရကလည်း အနာမရှိခင် ဆေးတင်သကဲ့သို့ အကျိုးမများချေ။ ပစ္စုပ္ပန်ကိလေသာ ဖြစ်နေတုန်းမှာ မဂ်စိတ် မဖြစ်နိုင်သဖြင့် ပစ္စုပ္ပန်ကိလေသာကိုလည်း မပယ်။ စင်စစ်မှာ 'ဘူမိလဒ္ဓုပ္ပန္နကိလေသာ'ကိုသာ ပယ်သည်။ ကိလေသာဖြစ်ရာ ခန္ဓာငါးပါးသည် ဘူမိမည်၏။ ဘူမိကို ရရှိနေသာ ကိလေသာသည် လဒ္ဓမည်၏။ မဂ်ဖြင့်မပယ်သရွေ့ အနုသယအနေဖြင့် ရှိနေသောကြောင့် ဥပ္ပန္နလည်းမည်၏။ ဘူမိလဒ္ဓဟုဆိုအပ်သော ထိုအနုသယကိလေသာဓာတ်သည် ဥပါဒ် ဋ္ဌီ ဘင် အားဖြင့် ထင်ရှားစွာ မရှိသောကြောင့် ပစ္စုပ္ပန် အတိတ် အနာဂတ်မဟုတ်။ ဘာဝမျှမရှိသော အဘာဝပညတ်လည်းမဟုတ်။ ဘူမိလဒ္ဓတမျိုးသာဟု မှတ်ထားရာ၏။ (သင်္ဂြိုဟ်ဘာဋီ ၇၂၄)